ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)
National Community Driven Development Project(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)

ကြံခင်းမြို့နယ်၊ ပက်မခန်းကျေးရွာအုပ်စု ၊သဲကောကျေးရွာ

၂၀၁၈ ခုနှစ်

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်
အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ် ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀ ။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
အလုံချောင်း
မြောက်မြစ်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှုံ်ပါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တောကြိုးဝိုင်း
ရွှေသမင်သစ်တောကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာ မြေပုံ (တည်နေရာ)



ကြံခင်းမြို့နယ်   ပက်မခမ်းကျေးရွာအုပ်စုမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ကြံခင်းမြို့နယ်
ပက်မခမ်းကျေးရွာအုပ်စု
စကေး ၂လက်မ = ၁မိုင်
ကြံတောအုပ်စု
လမိုင်းကွင်း
သဲကော
ဖြောက်ကုန်း
ရှာဖေလောင်းကုန်း
ပက်မခမ်း
ပက်မခမ်းအုပ်စု
ရှင်းတိုက်ကုန်း
ပတော်သစ်တောကြိုးဝိုင်း
အင်းပက်လက်
ပိန္နဲကွင်းအုပ်စု
မြန်အောင်မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

၃။ ပက်မခန်းအုပ်စုတွင်ပါဝင်သောကျေးရွာများစရင်း

၁။ ပက်မခန်းကျေးရွာ

၂။ အင်းပက်လက်ကျေးရွာ

၃။ ရင်းတိုက်ကုန်းကျေးရွာ

၄။ ကြပ်ခေါင်းကျေးရွာ

၅။ ရွှေလောင်းကုန်းကျေးရွာ

၆။ မြောက်ကုန်းကျေးရွာ

**၇။ သဲကောကျေးရွာ**

၈။ လမိုင်းကွင်းကျေးရွာ

## ၄။ ကျေးရွာအခြေခံ အချက်အလက်၏

သဲကောကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ပက်မခန်းအုပ်စုအတွင်းတည် ရှိသော ကျေးရွာကလေးဖြစ်သည်။ အိမ်ခြေ ၅၇-အိမ် ရှိပြီး၊ အမျိုးသား ၁၀၁-ဦး၊ အမျိုးသမီး ၁၀၉-ဦး ရှိပါသည်။ ကြံခင်းမြို့နှင့် ၉-မိုင်ခန့် ကွာဝေးပြီး၊ မိုးရာသီတွင် လမ်းများပျက်စီးသောကြောင့် ခက်ခဲစွာ သွားလာကြရသည်။ အုပ်စုရွာနှင့် ၂ဖာလုံ-ခန့် ကွာဝေးပါသည်။

ကျေးရွာအခြေခံအဆောက်အဦးအနေဖြင့် ကြာနီကန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကိုးကွယ်ကြပါသည်။ ကလေးများ ပညာရေးသင်ကြားရန်အတွက် အ.မ.က သဲကောကျောင်းတွင်ပညာသင်ကြားနေရသည်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကို အ.ထ.က(ခွဲ )မျောက်ချောကုန်းသို့သွားရောက်ပညာသင်ကြားကြရ သည်။

လယ်ယာလုပ်ငန်း၊ မြေပဲစိုက်လုပ်ငန်းများသည် ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြရသူများလည်း ရှိပါသည်။ ကျေးရွာသူ/ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 26.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 5 | 3 | 8 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 5 | 6 | 11 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 26.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 4 | 6 | 10 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 26.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 5 | 7 | 12 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 26.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | 3 | 6 | 9 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 26.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 14 | 28 | 42 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 14 | 28 | 42 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 14 | 28 | 42 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 26.9.2017 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 14 | 28 | 42 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ</u>




**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ**

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**


- လယ်ယာ၊ကိုင်း၊မြေပဲစိုက်  များကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- သောက်သုံးရေရရှိမှုမှာ အဆင်ပြေသည်။
- လူထုဗဟိုပြုစီမံကိန်းပထမနှစ်စက်ဝန်းတွင်ရွာတွင်းလမ်းစီမံချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။
- မိမိတို့ကျေးရွာမှကျောင်းသားများနှင့်၊အခြားကျေးရွာမှကျောင်းသားများသည်ကျေးရွာချင်းဆက်လမ်းများမကောင်းသည့်အတွက် သွားရေး၊ လာရေးများအလွန်ခက်ခဲနေသည်။
- ကျေးရွာတွင် အခြေခံမူလတန်းကျောင်း ရှိသည်။
- စိုက်ပျိုးမြေယာပိုင်ဆိုင်မှုနည်းပါးပြီး လက်လုပ်လက်စားများပြားသည်။
- ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ရှိသည်။
- ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြသည်။

<u>ဖွံ့ဖြိုးရေးလိုအပ်ချက်</u>

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်၊
- စိုက်ပျိုးရေးနည်းပညာရရှိရန်
- ဆေးပေးခန်း
- အားကစားကွင်း
- စိုက်ပျိုးရေးနည်းပညာ
- အတိုးသက်သာသောချေးငွေရရှိရန်

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (ခ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်



၂၉.၁၂.၂၀၁၆

ဥစ္စာဓန အဆင့်သတ်မှတ်ချက်

ပက်ဖခမ်းအုပ်စု ၊ သဲကောကျေးရွာ

| အဆင့် | သတ်မှတ်ချက် | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | လယ်၊ ထွန်စက်၊ နွား၊ ဆိုင်ကယ် (၁)စီး၊ ယာ၊ သစ်ခြံ၊ သွပ်မိုး၊ သစ်သားနှစ်ထပ် | ၇ | ၁၇% |
| ပြေလည်သော အုပ်စု | လယ်အနည်း၊ ယာ၊ ဆိုင်ကယ်၊ နွား၊ သွပ်မိုး၊ တစ်ထပ်အိမ်၊ စက်ဘီး | ၈ | ၁၉% |
| မပြေလည်သော အုပ်စု | ယာ၊ စက်ဘီး၊ သစ်သားအိမ်၊ ထရံကာ၊ အင်ဖက်မိုး | ၁၅ | ၃၆% |
| နွမ်းပါးသော အုပ်စု | [illegible]၊ ကျပန်း၊ အင်ဖက်မိုး၊ ထရံကာ | ၁၂ | ၂၈% |
| ပါဝင်ဆွေးနွေးသူ – ကျား – ၉ ယောက်<br>မ – ၁၁ ယောက် | | ၄၂ | ၁၀၀% |


လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာစနကြွယ်ဂမ္ဘီရယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင်လူမှုအဆင့်သတ်မှတ်ရာတွင်(က၊ခ၊ဂ၊ဃ)အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင် စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.
- ချမ်းသာသောအုပ်စုမှာ (၇)အိမ်ထောင်စု၊အသင့်အတင့်အိမ်ထောင်စုမှာ(၈)အိမ်ထောင်စု၊နွမ်းပါးသောအုပ်စုမှာ (၁၅)အိမ်ထောင်စု၊အလွန်နွမ်းပါးသောအုပ်စုမှာ (၁၂)အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူ များနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည် ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ် အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (က) ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။




ရာသီခွင်ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ ကိုင်းစိုက်ပျိုးရေးလုပ်ငန်းနှင့် မြေပဲစိုက်ပျိုးခြင်းလုပ်ငန်းတို့သည် ကျေးရွာ၏ဝင်ငွေရရှိသော လုပ်ငန်းများဖြစ်သည်။
- လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းများလုပ်ဆောင်ချိန်တွင် လုပ်အားခများများရရှိ(နယုန်လ၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊နတ်တော်၊တပို့တွဲလ)
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိပေ။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှု မတူညီ၊ (အမျိုးသမီးများမှာ အိမ်တွင်းမှု အလုပ်များနှင့် အချိန်ကုန်နေရသည်။)
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ တော်သလင်း၊ ပြာသိုလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ ကဆုန်၊ ဝါဆို၊ တန်ဆောင်းမုန်း၊ နတ်တော် ပြာသို ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ် ကြုံတွေ့ရလျှင် ဘက်ရဲ၊ ကြံခင်း၊ မြန်အောင် ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- အစားအစာဖူလုံမှုနှင့် ပတ်သက်၍ ဝင်ငွေကောင်းသောလများတွင် ဖူလုံမှုရှိပြီး၊ ဝင်ငွေနည်းသောလများတွင် ဖူလုံမှု မရှိပေ။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်သည်။
- ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ဆီမီးပူဇော်ပွဲနှင့် ကထိန်ပွဲ တပေါင်းလတို့တွင် ရှင်ပြုပွဲများ ကျင်းပပြုလုပ်လေ့ရှိသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင်ကောင်းမွန်ပြီး၊ ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လတို့တွင် လမ်းများပျက်စီးနေတတ်သည်။ ကျန်သောလများတွင် လမ်းအခြေအနေမှာ အသင့်အတင့်သာ ရှိသည်။
- သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ အနည်းငယ်သာရှိသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်


**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ အုပ်ချုပ်မှု၊ အဖွဲ့အစည်း၊ လုံခြုံမှုနှင့် အရင်းအမြစ်လက်လှမ်းမီမှု တို့တွင် အားနည်းနေသည် ကိုဆွေးနွေးဖော်ထုတ်ခဲ့သည်။ဥပမာ- အမျိုးသားများသည် အုပ်ချုပ်မှု၊ အဖွဲ့အစည်း ၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုများတွင် ရာခိုင်နှုန်းပြည့် နီးပါးဖြစ်နေသည်ကို တွေ့ရှိရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။
- ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (င) အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်





အရင်းအမြစ်များအပေါ်အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

**အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။
- ဈေးဆိုင်၊ ကြက်၊ ဝက်၊ ဘဲ၊ ငှက်ပျောခြံ၊ အပ်ချုပ်စက်၊ စက်ဘီးတို့ကို အမျိုးသမီးများက ပိုင်ဆိုင် အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။
- လယ်၊လှည်း၊ နွား၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ကား၊ အိမ်၊ ဆိုင်ကယ်၊ ချောင်း၊ ရေတွင်း ဆည်မြောင်းစသည်တို့ကို အမျိုးသားများက ဦးဆောင်အသုံးပြုကြသည်။
- တီဗွီ၊ ရေကန် စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။
- ဆုံးဖြတ်ချက်များချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (စ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊အုပ်ချုပ်ရေးပိုင်းများကိုအဓိကဦးဆောင်ပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လည်းပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးလင်းရေးကော်မတီမှာလည်း မြို့နယ်လျှပ်စစ်ရုံးဖြင့် ဆက်သွယ်၍ အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့်အမျိုးသမီးများ ပါဝင်သည့်လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- မိခင်နှင့်ကလေး ကျန်မာရေးအဖွဲ့သည် World Vision အဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာအတွင်းရှိမိခင်နှင့်ကလေးကျန်းမာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်သည်။





## (ဆ) အမျိုးသား၊အမျိုးသမီးအုပ်စုများ၏ အခက်အခဲ ပြဿနာများ




အခက်အခဲ ပြဿနာများ


**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- အလုပ်အကိုင်များရှိသော်လည်း ဝင်ငွေနည်းပါးခြင်း၊
- လမ်းများပျက်စီးမှုကြောင်းသွားလာရခက်ခဲခြင်း
- စိုက်ပျိုးရေးနည်းပညာ မတတ်သည့်အခက်ခဲ
- လျှပ်စစ်မီးအိမ်တိုင်းမလင်းသည့်အခက်အခဲ
- စာကြည့်တိုက်မရှိသည့်အတွက် စာပေဗဟုသုတနည်းပါးသည့်အခက်အခဲ
- စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့် မရှိသည့် အခက်အခဲ

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- စာကြည့်တိုက်မရှိသည့်အတွက် ဗဟုသုတ နည်းပါးသည့်အခက်အခဲ
- စိုက်ပျိုးရေးနည်းပညာ ရရှိရန်လိုအပ်သည့်အခက်အခဲ
- ပုံမှန်ဝင်ငွေမရနိုင်သည့်အလုပ်အကိုင်မရှိသည့်အခက်အခဲ
- ဆေးပေးခန်းနှင့်အလှမ်းဝေးသည့်အတွက် ကျန်မာရေးအတွက်အခက်အခဲရှိခြင်း
- လမ်းမကောင်းသည့်အတွက် ပညာရေး ၊ ကျန်းမာရေး ၊ စီးပွားရေးအတွက် သွားလာရခက်ခဲခြင်း၊

## (၈) ကျေးရွာ(အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်




**ကျေးရွာမျှော်မှန်းချက်များ**


အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ

- ကျေးရွာလမ်းများ ကောင်းမွန်လာရန် မျှော်မှန်း
- အိမ်တိုင်းလျှပ်စစ်မီးရရှိရန်
- ဆက်သွယ်ရေးလမ်းများကောင်းမွန်လာရန်
- အားကစားကွင်းရရှိရန်မျှော်မှန်း
- ဒေသထွက် စိုက်ပျိုးသီးနှံများ ဈေးကောင်းရရှိရန်မျှော်မှန်း
- စိုက်ပျိုးရေး မျိုးသန်းများရရှိနိုင်ရန်းမျှော်မှန်း
- စာကြည့်တိုက်ရရှိနိုင်ရန်မျှော်မှန်း

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ


- ကွန်ကရစ်လမ်းရရှိရန်မျှော်မှန်း
- စာကြည့်တိုက်ရရှိရန်းမျှော်မှန်း
- စိုက်ပျိုးရေးအတွက် နည်းပညာသင်တန်းများရရှိနိုင်ရန်မျှော်နမှန်း
- မူကြိုကျောင်းရရှိနိုင်ရန်မျှော်မှန်း
- စိုက်ပျိုးရေးအတွက် ရေလွှတ်မြောင်းများရရှိရန်မျှော်မှန်း

## (ဈ) <u>ကျေးရွာဦးစီးပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်</u>



## ကျေးရွာအမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

## ဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

# ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်

ကျေးရွာအမျိုးသား၊ အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း ( ကျား / မ )

(၂) ရွာတွင်းကွန်ကရိဘီးလမ်း ( ကျား / မ )

(၃) ဆေးပေးခန်း(ကျား / မ )

(၄) လျှပ်စစ်မီး(မ)

(၅) ရေစဉ် ရေစက်ရုံ(ကျား)

(၆) စာကြည့်တိုက် (မ)

(၇) မူကြိုကျောင်း (မ )

စသည့် လိုအပ်သည့် လုပ်ငန်းများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

ပက်မခန်းအုပ်စု သဲကော+လမိုင်းကွင်းကျေးရွာ

ပြန်လည်ဖွဲ့စည်းသည့်ရက်စွဲ။ ။29-9-2017

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးဝင်းဗိုလ် | | လမိုင်းကွင်း |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ခင်မာဝင်း | | သဲကော |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ချိုချိုဝင်း | | လမိုင်းကွင်း |
| ၄ | | အဖွဲ့ဝင် | ဦးမင်းမင်းအောင် | | လမိုင်းကွင်း |
| ၅ | | အဖွဲ့ဝင် | ဒေါ်ခင်သန်း | | သဲကော |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်အေးမြင့် | | သဲကော |
| ၇ | | အဖွဲ့ဝင် | ဦးဝင်းညွန့်ဦး | | သဲကော |
| ၈ | | အဖွဲ့ဝင် | ဦးကျော်သူလင်း | | လမိုင်းကွင်း |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်မြတ်သူ | | သဲကော |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်စန်း | | သဲကော |
| ၁၁ | | အဖွဲ့ဝင် | ဦးရန်နိုင်ထွန်း | | လမိုင်းကွင်း |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အိမွန်ကျော် | | လမိုင်းကွင်း |
| ၁၃ | အကြံပြုတိုင်ကြားဖြေ ရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမြင့်လွင် | | သဲကော |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်တင်မို့မို့လင်း | | လမိုင်းကွင်း |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမိုးကျော်ကျော် | | သဲကော |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်စုစုလှိုင် | | လမိုင်းကွင်း |

တာဝန်ကျဝန်ထမ်းများ- ဦးကျော်မျိုးဦး (CF)

ဦးသက်ပိုင်ဖြိုး (TF)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|---|---|
| ဦးအေးမြင့် | | 09-772617880 | | ဦးကျော်မျိုးဦး | |
| ~~ပြည်နယ်~~/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | | ကျေးရွာအုပ်စု ဟက်မသုံး | | ကျေးရွာ သဲတော |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| …စု (၁) ဗမာ | ၄၂ | ဘာသာ (၁) ဗုဒ္ဓ | ၄၂ |
| …စု (၂) ------------ | | ဘာသာ (၂) ------------ | |
| …စု (၃) ------------ | | ဘာသာ (၃) ------------ | |
| …းစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| …န်စွမ်းသူများ | ၄ | ဗုဒ္ဓ | ၄ |
| …ကြီးရွယ်အိုများ (…နှစ် နှင့် အထက်) | ၁၁ | ဗုဒ္ဓ | ၉ |
| …တားရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၇၁ | ၆၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၉ | ၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| ...ား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| | | မှတ်ချက် | | မှတ်ချက် | |

...ျှမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| ...ရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| ...ပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| ...ပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| | | | မှတ်ချက် | | | မှတ်ချက် | | |

...ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော ...ခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား သဲလမ်း

...ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

...ရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁.၅ မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၀၀:၁၅------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---၀၀:၁၅------------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

...ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား၊

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

ဘယ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့ထားသည့် အဖွဲ့အစည်းများရှိပါသလား။

--------------------------------

--------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးအေးပု

လက်မှတ် [signature] နေ့စွဲ ၂၉.၉.2017

လူထုစည်းရုံးရေးမှူး အမည် ဦးကျော်မျိုးဦး

လက်မှတ် [signature] နေ့စွဲ ၂၉.၉.၂၀17

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF ၊ ဦးသက်ပိုင်ဖြိုး TF

နေ့စွဲ ၁၉.၇.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် [illegible] | ကျေးရွာအုပ်စု ပုဏ္ဏမချောင်း | ကျေးရွာ သဲဖော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.7.17 | 19.7.17 | 14 | 28 | 40 | 42 \| မပါ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.7.17 | 19.7.17 | 14 | 28 | 40 | 42 \| မပါ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25.10.17 | 25.10.17 | 10 | 21 | 31 | 31 \| မပါ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 9.12.17 | 9.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 19.12.18 | 19.12.18 | 9 | 13 | 22 | 22 \| မပါ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 28.12.18 | 28.12.18 | 12 | 13 | 25 | 25 \| မပါ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 28.12.18 | 28.12.18 | 12 | 13 | 25 | 25 | မမာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 28.12.18 | 28.12.18 | 12 | 13 | 25 | 25 | မမာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 28.12.18 | 28.12.18 | 12 | 13 | 25 | 25 | မမာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 5.2.18 | 5.2.18 | 10 | 13 | 23 | 23 | မမာ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 28.2.18 | 28.2.18 | 12 | 13 | 25 | 25 | မမာ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 21.3.18 | 21.3.18 | 7 | 6 | 13 | 13 | မမာ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 23.3.18 | 23.3.18 | 21 | 23 | 40 | 44 | မမာ |

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF / ဦးသက်ပိုင်ဖြိုး TF | | | |
| နေ့စွဲ ၂၇ . ၇ . ၂၀17 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ယင်းမခုံ | ကျေးရွာ သဲကော |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဆက်သွယ်ရေးလမ်းများမကောင်းသည့် အခက်အခဲ | ၁ | ဆက်သွယ်ရေးလမ်းများမကောင်းသည့် အခက်အခဲ |
| ၂ | ဆေးပေးခန်းနှင့် အလှမ်းဝေးသည့် အခက်အခဲ | ၂ | ဆေးပေးခန်းနှင့် အလှမ်းဝေးသည့် အခက်အခဲ |
| ၃ | အလုပ်အကိုင်ရှားပါးသည့်အခက်အခဲ | ၃ | အလုပ်အကိုင်ရှားပါးသည့် အခက်အခဲ |
| ၄ | လျှပ်စစ်မီးလင်းရန်ငွေကြေးမပြည့်စုံသည့်အခက်အခဲ | ၄ | လျှပ်စစ်မီးလင်းရန်ငွေကြေးမပြည့်စုံသည့်အခက်အခဲ |
| ၅ | ဒေသထွက်ကုန်များဈေးကောင်းမရသည့်အခက်အခဲ | ၅ | ဒေသထွက်ကုန်များဈေးကောင်းမရသည့်အခက်အခဲ |
| ၆ | သောက်သုံးရေသန့်ရရှိရန်ခက်ခဲခြင်း | ၆ | စိုက်ပျိုးရေးမျိုးသန့်များရရှိရန်ခက်ခဲခြင်း |
| ၇ | စာကြည့်တိုက်မရှိသည့်အခက်အခဲ | ၇ | မူကြိုကျောင်းမရှိသည့်အခက်အခဲ |

ခး မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ဆက်သွယ်ရေးလမ်းနှင့်ရွာတွင်းလမ်းများကောင်းလာရန်မျှော်မှန်း | ၁ | ဆက်သွယ်ရေးလမ်းနှင့်ရွာတွင်းလမ်းများကောင်းလာရန်မျှော်မှန်း |
| ၂ | အိမ်တိုင်း လျှပ်စစ်မီးရရှိရန် မျှော်မှန်း | ၂ | အိမ်တိုင်း လျှပ်စစ်မီးရရှိရန်မျှော်မှန်း |
| ၃ | မွေးမြူရေး ထောက်ပံ့မှု ရရှိရန် မျှော်မှန်း | ၃ | ကျေးရွာတွင်အထက်တန်းကျောင်းဖြစ်လာရန်မျှော်မှန်း |
| ၄ | မူကြိုကျောင်းဖြစ်လာရန်မျှော်မှန်း | ၄ | မူကြိုကျောင်းဖြစ်လာရန်မျှော်မှန်း |
| ၅ | သောက်ရေသုံးရေသန့်ပေးဝေရေး ဖြစ်လာရန်မျှော်မှန်း | ၅ | သောက်ရေသုံးရေသန့်ဖြန့်ဝေရေး ဖြစ်လာရန်မျှော်မှန်း |
| ၆ | ဆေးပေးခန်းဖြစ်လာရန်မျှော်မှန်း | ၆ | ဆေးပေးခန်းဖြစ်လာရန်မျှော်မှန်း |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်မျှော်မှန်း | ၇ | အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်မျှော်မှန်း |

ဂ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ၊

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| | မြေနီချောင်း ကျောက်လမ်း [illegible] မျက်နှာ[illegible] | အမျိုးသား+ အမျိုးသမီး | ၄၉၀၀,၀၀၀ | (၁၃၅)ယောက် |
| | ရွာတွင်း [illegible] ကရစ်ခင်း [illegible] | အမျိုးသား+ အမျိုးသမီး | ၁၄,၅၀၀,၀၀၀ | (၁၃၅)ယောက် |
| | ဆေးပေးခန်း | အမျိုးသား+ အမျိုးသမီး | ၁၀,၀၀၀,၀၀၀ | (၁၃၅)ယောက် |
| | လျှပ်စစ်မီး | အမျိုးသား+ အမျိုးသမီး | — | (၁၃၅)ယောက် |
| | စက်ရေတွင်း ရေကန် ရေ[illegible] | အမျိုးသား+ အမျိုးသမီး | ၇,၀၀၀,၀၀၀ | (၁၃၅)ယောက် |
| | စာကြည့်တိုက် | အမျိုးသား | ၄,၀၀၀,၀၀၀ | (၁၃၅)ယောက် |
| | မူကြို ကျောင်း | အမျိုးသမီး | ၉,၅၀၀,၀၀၀ | (၁၃၅)ယောက် |
| | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ၊

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အတိုးမဲ့ချေးငွေ | ကျား+မ | |
| ၂ | စိုက်ပျိုးရေး နည်းပညာ | ကျား+မ | |
| ၃ | မွေးမြူရေး အတွက် အထောက်အပံ့ | ကျား | |
| ၄ | စိုက်ပျိုးရေး မျိုးသန့်[illegible] | ကျား | |
| ၅ | | | |

ဉက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်[illegible] လက်မှတ် [illegible] နေ့စွဲ ၂၄. ၇. 2017

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၁၁ပေ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငွေကြေးထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာလမ်း ဆက်ကြေမြေနှံ့ချောင်း ကျောက်ခင်း ၁၁ပေ x မျက်နှာခံကျောက် | ကျ / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံ | ကျ / မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | စာကြည့်တိုက် | မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | လျှပ်စစ်မီးတိုင်၊ မီးကြိုး | ကျ / မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | ရွာတွင်းကွန်ကရစ်လမ်း | ကျ / မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးအထွက် မျိုးသန့် | ကျ | | | စိုက်ပျိုးရေးဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | ၁ | ဆေးပေးခန်း ,, | ကျ / မ | ၂၀၂၂ | ကျေးရွာလူထု | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | မူကြိုကျောင်း | ကျ / မ | | | ပညာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | အတိုးမဲ့ချေးငွေ | မ | | | ထောက်ပံ့နိုင်သည့်အဖွဲ့ |
| | ၂ | မုန့်ဖွံ့ဖြိုးငွေ ရရှိနိုင်သည့်အာဏာပါ အဆိုင်ရရှိရန် | | | | ထောက်ပံ့နိုင်သည့်အဖွဲ့ အစည်း |
| | | | | | | |
| | | | | | | |
| | | | | | | |